the voice of spring
1.6.2021 · Tuesday · No . 57 · Daily News Pamphlet

## သံလွင်တံတား(ချောင်းဆုံ)ဟု အမည်ပြောင်းပေးလည်း စစ်အုပ်စုကို မွန်လူထုက ဆက်လက်ဆန့်ကျင်မည်ဟုဆို

သတင်းတို

ရင်းမြစ် - ဧရာဝတီ မှ

## NUG အစိုးရ၊ အစိုးရအဖွဲ့ရုံးနှင့် ဝန်ကြီးဌာန(၄)ခု၏ တရားဝင် Websites များကို ထုတ်လွှင့်အသိပေးခဲ့

သတင်းတို

ရင်းမြစ် - NUG မှ

## နိုင်ငံတကာမှ မြန်မာ့အရေးစိတ်ဝင်စားသောလူငယ်များနှင့် တက်ကြွလှုပ်ရှားသူများပါဝင်သည့် မြန်မာနိုင်ငံတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို တွန်းလှန်ခြင်း စကားဝိုင်းသို့ NUG လူ့အခွင့်အရေးဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်း နှင့် အမျိုးသမီး၊လူငယ်၊ကလေးဆိုင်ရာ ဒုဝန်ကြီး ဒေါ်အိသဉ္ဇာမောင်တို့က တက်ရောက်ဆွေးနွေးခဲ့ကြ

သတင်းတို

ရင်းမြစ် - NUG မှ

## နေရာအနှံ့၌ ပြောက်ကြားသပိတ်များကို နေ့စဉ်မပြတ်ပြုလုပ်ခဲ့ကြပြီး ပိုမိုအားကောင်းလာလျက်ရှိ








မေလ(၃၁)ရက်၊ လူအင်အားရာချီသော ဖားကန့်၊ တာမခန်လူထုသပိတ်နှင့် မန္တလေးမြို့တို့၌ ပြုလုပ်ခဲ့သည့် မဟာမိတ်တပ်ပေါင်းစုပြောက်ကြားသပိတ်စစ်ကြောင်းများကို တွေ့မြင်ရစဉ် -(ဓါတ်ပုံ - CJ )

## ထပ်မံပေါ်ပေါက်လာမည့် အရေးပေါ်လိုအပ်ချက်များကို ကူညီပံ့ပိုးနိုင်ရေး ရန်ပုံငွေတိုးမြှင့်ထောက်ပံ့ရန် ကုလ ကို NUG ဘေးအန္တရာယ်စီမံဌာနမှ တိုက်တွန်းနိုးဆော်

သတင်းတို

ရင်းမြစ် - NUG မှ

## ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့ကို စစ်အုပ်စုမှ လက်နက်ကြီးများ၊ ရဟတ်ယာဉ်များ၊ အဝေးပစ် ဒုံးကျည်များကို အသုံးပြု၍ အပြင်းအထန်တိုက်ခိုက်လျက်ရှိ

သတင်းတို

ရင်းမြစ် - ခေတ်သစ် မှ

## ရှမ်းမြောက်၊ ကျောက်မဲမြို့ရှိ နေ့စဉ်ပြုလုပ်နေသည့် ဆိုင်ကယ်သပိတ်ကို ကားနှင့် လိုက်တိုက်၍ ဖြိုခွဲခဲ့

သတင်းတို

ရင်းမြစ် - ဧရာဝတီ မှ

## ကလေးမြို့ သာစည်ကျေးရွာ၌ ကလေး PDF နှင့် တိုက်ပွဲဖြစ်ပွားပြီး စစ်အုပ်စု(၃)ဦး သေဆုံးခဲ့ဟုသိရ

သတင်းတို

ရင်းမြစ် - RFA မှ

## ရှမ်းမြောက်၊ ကွတ်ခိုင်၊ နန့်ဖတ်ကာရှိ စခန်း(၃)ခုကို ညီနောင်မဟာမိတ် သုံးဖွဲ့က ဝင်တိုက်ရာ စစ်အုပ်စုမှ ဒုတပ်ရင်းမှူးအပါအဝင်(၁၁)ဦးသေဆုံး

သတင်းတို

ရင်းမြစ် - မဇ္ဈိမ မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊ ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှု(လုံး၀)မရပ်တန့်စေရ။

ဖေဖော်ဝါရီ(၁)ရက်မှ မေ(၃၁)ရက်အထိ

ကျဆုံးသူဦးရေ - ၈၄၀ ဦး
အဖမ်းဆီးခံရသူဦးရေ- ၅၅၅၄ ဦး
ဝရမ်းထုတ်ခံရသူဦးရေ- ၁၈၈၃ ဦး

ရင်းမြစ် - အေအေပီပီမှ

1.6.2021 · Tuesday · No . 57 · Daily News Pamphlet

# သတင်းမှတ်စု

မေလ(၃၁)ရက်၊ ၂၀၂၁

- မင်းကင်း NLD အမတ် ဒေါ်ခင်မွှေးလွင်ကို မုံရွာမြို့၊ ချင်းတွင်းတံတား အနောက်ဘက် ရွှေတောင်ဦးဘုရား အနီးရှိ နေအိမ်တခု၌ စစ်အုပ်စုက မေ(၃၁)ရက်၊ ည(၁၁)နာရီခန့်တွင် ဖမ်းဆီးခဲ့ဟုသိရ။
- ကနီမြို့ရှိ ချင်းတွင်းမြစ်ထဲ၌ အထက်မှ စုန်ဆင်းလာသည့် စစ်အုပ်စုသင်္ဘောကို ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က နေ့လယ်(၂)နာရီခန့်တွင် တိုက်ခိုက်ခဲ့ဟုသိရ။
- လောင်းလုံမြို့နယ်၊ ပြင်ကြီးရွာ၌ စစ်အုပ်စုက မေ(၃၁)ရက်၊ ည(၉)နာရီခန့်က ဆိုင်ကယ်များဖြင့် ကင်းလှည့်ရင်း ပစ်ခတ်သဖြင့် အေးအေးချိုနှင့် သားဖြစ်သူ (၅)နှစ်အရွယ်၊ မစန်းပိုတို့ ကျည်ထိမှန်ခဲ့ပြီး ဖမ်းဆီးခံခဲ့ရ။
- စစ်အုပ်စုက ပစ်ခတ်သဖြင့် ကျဆုံးခဲ့ရသည့် ပုဂံမြို့သစ်၊ပျူစောထီးတောင်ရိုးတန်းရပ်နေ ကိုမိုးမြင့်အောင်၏ ရုပ်အလောင်းကို နံနက်ပိုင်းက ပြုလုပ်ခဲ့ရာ ထောင်နှင့်ချီသည့် မြို့ခံများ စုပေါင်း၍ မြို့လုံးကျွတ် လိုက်လံပို့ဆောင်ခဲ့။
- ငါန်းဇွန်မြို့နယ်၊ မြို့သာမြို့၊ အမှတ်(၄)ရပ်ကွက်ရှိ စစ်ကျွန်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်မှာ နေ့လယ်ပိုင်းက ရဲစခန်းရှေ့ ဘီယာဆိုင်၌ အမည်မသိလူတစုက ဓားနှင့် ထိုးသဖြင့် သေဆုံးခဲ့ဟုသိရ။
- မြင်းခြံမြို့ ကျောင်းဖြူကန်ရွာရှိ စစ်ကျွန်အုပ်ချုပ်ရေးမှူး မြင့်လွင်(ခ)ဂျစ်တူးနှင့် အတွင်းရေးမှူးတင်ထွန်းတို့ ဓားခုတ်ခံရပြီး မြင့်လွင်မှာ ပွဲချင်းပြီး သေဆုံးခဲ့ဟုသိရ။
- ဖားကန့်၊ အေးမြသာယာအုပ်စု၊ မနကျေးရွာမှ စစ်ကျွန်အုပ်ချုပ်ရေးမှူး ဦးတင်စိုး(ခ) ဦးအိုက်ပီးမှာ နေ့လယ်(၁)နာရီခန့်က သေနတ်နှင့် ပစ်သတ်ခံရပြီး သေဆုံးခဲ့ဟုသိရ။
- ပဲခူးမြို့၊ သစ်တောရုံးအနီး၌ နေ့လယ်(၂)နာရီခန့်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ တဦးဒဏ်ရာရရှိခဲ့ပြီး အဆိုပါ ပေါက်ကွဲမှုအပြီး (၄၅) မိနစ်ခန့်ကလည်း ပဲခူးဘူတာရုံရှိ မီးရထားရဲစခန်း၌ ပေါက်ကွဲမှု ထပ်မံဖြစ်ပွားခဲ့ဟုသိရ။
- မင်္ဂလာဒုံ၊ ထောက်ကြန့်၊ ရန်ကုန်-ပဲခူး ကားလမ်းမကြီးဘေးရှိ အ.ထ.က(၃)နှင့် ဖိုးချမ်းကုန်း ၂/က ရပ်ကွက်ရှိ အမှတ်(၆) မူလွန်ကျောင်းတို့၌ နံနက်(၄:၂၀)ခန့်က တပြိုင်တည်း ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ဟုသိရ။
- တောင်တွင်းကြီး၊ မြို့နယ်ပညာရေးမှူးရုံးဝန်းအတွင်း နေ့လယ်(၃)နာရီခန့်က ပေါက်ကွဲမှု ဖြစ်ပွားခဲ့ဟုသိရ။
- စစ်အုပ်စုခန့် မြောင်းမြမြို့ ကန်သာယာရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်နေအိမ်၌ မေ(၃၀)ရက်၊ ည(၇:၁၅)ခန့်က ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး ထိခိုက်မှုမရှိဟုသိရ။
- ရောဝတီ၊ ညောင်တုန်းမြို့၌ မေ(၃၀)ရက်၊ ည(၇:၂၀)ခန့်က အာဇာနည်ပန်းခြံနှင့် စက်မှုလယ်ယာစခန်းအနီးတွင် တကြိမ်၊ (၂၃) နှင့် (၂၄)လမ်းကြား မုန့်ဟင်းခါးဆိုင်အနီးတွင် တကြိမ် ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ပြီး အမျိုးသမီးတဦး ဒဏ်ရာရရှိခဲ့ဟုသိရ။
- ပုသိမ်မြို့၊ အမှတ် (၆) ရပ်ကွက်ရှိ စစ်အုပ်စု တပ်စွဲထားသည့် ကုသိနာရုံ ဘုရားဝန်း အတွင်းရှိ ဓမ္မာရုံ၌ နံနက်(၅)နာရီခန့်က ပေါက်ကွဲမှု ဖြစ်ပွားခဲ့ဟုသိရ။
- ဘားအံမြို့၌ နံနက်(၁၁)နာရီခန့်မှစ၍ စစ်ရဟတ်ယာဉ်(၃)စီးနှင့် တိုက်လေယာဉ်(၂)စီး ပျံဝဲနေပြီး သံလွင်မြစ် အတွင်းတွင်လည်း စစ်ရေယာဉ်တစီး ကင်းလှည့်နေကာ မြို့တွင်း လုံခြုံရေးလည်း တင်းကြပ်ထားသဖြင့် စစ်အုပ်စုခေါင်းဆောင် မင်းအောင်လှိုင် ရောက်ရှိနေသည်ဟု KNU ဒူးပလာယာခရိုင်က သတင်းထုတ်ပြန်ခဲ့။
- မန္တလေး၊ တပ်ပေါင်းစု၊ အောင်မြေသာစံ၊ ရတနာပုံ၊ တက သ၊ သံဃသမဂ္ဂ၊ အမရပူရ ပညာရေး မိသား စုများ။ မြင်းခြံ။ မိုးကုတ်။ ညောင်ဦး။ မုံရွာ။ ရွှေဘို၊ ဆိတ်ခွန်ကျေးရွာ။ အောင်လံ။ ဆားလင်းကြီး၊ ကျေးရွာပေါင်းစုံနှင့် ယင်းမာပင်။ တန့်ဆည်။ မြိုင်။ မိုးကောင်း။ ကလေးမြို့။ ရေဖြူ၊ ကံပေါက်။ ထားဝယ်။ လောင်းလုံမြို့နယ်၊ မောင်းမကန်၊ ဝေဒီ၊ ညင်းမော်၊ စစ်ပြ၊ တီဇစ် ကျေးရွာများ။ မြိတ်။ သရက်ချောင်း၊ ကနက်သီရိကျေးရွာ။ ဖားကန့်မြို့၊ တာမခန်၊ အေးမြသာယာ။ ရှမ်း-လားရှိုးမြို့ စသဖြင့် မြို့အသီးသီး၌ လူအင်အားရာချီသော သပိတ်စစ်ကြောင်းကြီးများ ဖြင့် ဆန္ဒဖော်ထုတ်ခဲ့ကြ။ ရင်းမြစ် - မဇ္ဈိမ





## နွေဦး သစ္စာ

အရိပ်မဲ့ဥတုနဲ့
ခြေဖဝါးနုနုတွေ
သွေးခြေဥစေလည်း။

မြိန်ရာ ဟင်းကောင်းနဲ့
ဝမ်းဟောင်းကို ဖြည့်ဆည်း
နေ့ခရီးကို ဆက်နေလည်း။

ကြယ်မစုံ လ အမိုတ်မှာ
အိပ်ချင်မူးမူးနဲ့
သန်းခေါင်ကို ကူးစေလည်း။

အကြောင်းမရွေးပါဘူး
ဒေါင်းသွေးနဲ့ ထုံကူးလို့
ငါတို့တွေ ငုံဖူးပြဲမယ်။

လက်ရုံးညီ

## The Voice Of Spring Cartoon




အရေးတော်ပုံ မုချ အောင်ရမည်



မေလ(၃၁)ရက်၊ ကလေးမြို့၌ နေ့စဉ်မပြတ် ချီတက်နေသည့် ပင်ပသပိတ်စစ်ကြောင်းကိုတွေ့ရစဉ်-(ဓါတ်ပုံ-CJ)

### နွေဦးစကား ဒို့ပြောကြား

"ငါတို့မျိုးဆက်ရဲ့စိတ်ဓါတ်ကို သေနတ်နဲ့ ဘယ်တော့မှ အသေသတ်လို့မရ"